၂၀၁၄ - ၂၀၁၅ နွေရာသီ AP စတူဒီယို ပန်းချီ နှင့်ပတ်သက်သည့် အိမ်စာများ

နွေရာသီတွင် Portfolio ဆိုင်ရာ ပြန်လည်လေ့လာရမည့် အိမ်စာများ
(Portfolio - ဆိုသည်မှာ အနုပညာရှင်/ ပန်းချီရေးဆွဲသူတစ်ယောက် ရေးဆွဲထားသည့် အနုပညာလက်ရာ)

စက်တင်ဘာလ တွင် ပုံ (၆)ပုံအပ်နှံ ရမည်။

ပုံ (၁) ခု ပြီးစီးစေရန် အနည်းဆုံး (၆)နာရီ အချိန်ယူ၍ သေချာ လေ့လာစူးစမ်းမှုရှိရမည်။ ဆိုလိုသည်မှာ သင်မျက်စိဖြင့်မြင်နိုင်သော အရာဝတ္ထုများကို ရေးဆွဲရန် ဖြစ်သည်။ ဓါတ်ပုံထဲမှ ၊ စိတ်ကူးယဉ်အတွေးထဲမှ သို့မဟုတ် နှစ်ဖက်မြင်ပုံမျိုးများမှ မဆွဲပါနှင့်။ AP စတူဒီယို ပန်းချီ အတန်းတွင် သင်သည် ပန်းချီအရည်အချင်း နှင့် ကျွမ်းကျင်မှုများ ရှိရန်မျှော်လင့်ထားသည်။သင့်အရည်အချင်းစံနှုန်းကို အကောင်းဆုံး တင်ပြနိုင်ရန် အောက်ပါ အချက်များပါဝင်ရန်လည်း သတိထားပါ။

သင် စတင်၍ မရေးဆွဲ ခင်၊ ဒီဇိုင်းနှင့်ပတ်သက်သည့် အောက်ပါ အခြေခံ သဘောတရားများ နှင့် ၎င်းသဘော တရားများ ကို အနုပညာ ပညာရပ်အဖြစ် ဘယ်လို ဖန်တီးရမည် ဆို သည့် အချက်ကို သေချာ နားလည်ထားပါ။ အဓိပ္ပါယ်ကို ကြည့်ပြီး ဥပမာများကိုလည်း ရှာကြည့်ပါ။ ဤနည်းအတိုင်း ကောလိပ်တွင်လည်း ကောလိပ်အမှတ်ပေး အဖွဲ့ မှ သင့်ကို အမှတ်ပေး မည် ဖြစ်သောကြောင့် တစ်ခုခြင်းစီ၏ ဆိုလိုရင်း ကို သင် သေသေချာချာ နားလည် သဘောပေါက်ရန် အလွန်အရေးကြီး သည် -

Unity - စည်းလုံးညီညွတ်မှု၊ ဖွဲ့စည်းမှု
Variety - ကွဲပြားမှု၊
Balance - ဟန်ချက်ညီမှု၊ နှစ်ဖက်ညီမှု
Emphasis - အသားပေးမှု၊ လေးနက်ထင်ရှားစေမှု
Contrast - မြင်သာသည့် ခြားနားမှု၊
Rhythm - စည်းချက် ကိုက်ညီမှု၊
Repetition - ပြန်ကျော့ခြင်း၊
Proportion - အချိုးအစားပြေပြစ်မှု၊ အချိုးအစားကျခြင်း
Scale - အတိုင်းအတာ

ပုံနှင့် အဖွဲ့လိုက် ဆက်နွယ်မှု၊ ပုံနှင့်နောက်ခံ၏ ဆက်နွယ်မှု။
၁။ မှန်ပေါ်မှ ပြန်ထင်ဟပ်သည့် ကိုယ့်ပုံတူ ၈.၅ လက်မ - ၁၁ လက်မ (8.5" x 11") သို့မဟုတ် ပို၍ အကြီးကို ခဲတံ၊ မီးသွေး သို့မဟုတ် ဖယောင်းခဲတံဖြင့် ရေးဆွဲရန်၊

၂။ ကျန်သည့် ၅ ပုံဆွဲရာတွင် အောက်ပါအချက်များကို စုံလင်စွာ ပေါင်းစပ်ရမည် ဖြစ်သည် -
- က) အဖြူ နှင့် အမည်း ရေးစွဲခြင်း
- ခ) အရောင်စပ် ရေးစွဲခြင်း
- ဂ) အကြောင်းအရာစုံလင်စွာ ဖော်ပြခြင်း
- ဃ) နည်းလမ်းအမျိုးမျိုးဖြင့် ရေးစွဲခြင်း (ပုံစွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ဆေးချယ်ခြင်း)
- င) အတိုင်းအတာဖြင့် ရေးစွဲခြင်း

အကယ်၍ နွေရာသီအတွင်း မေးမြန်းစရာများ ရှိခဲ့ ပါက၊ ကျွန်တော်/မ၏ အီးမီလ်း memcdonald1@hotmail.com မှ တဆင့် လွယ်လင့်တကူ ဆက်သွယ်နိုင်သည်။